Panasonic®

# အသုံးပြုပုံလမ်းညွှန်

## ရေနွေးငွေ့သုံးကြိုးမဲ့မီးပူ( အိမ်တွင်အသုံးပြုရန်အတွက်သာ)

မော်ဒယ်နံပါတ် NI-WL30



မာတိကာ


လုံခြုံရေးကြိုတင်သတိပေးချက် ....................................... ၁
ထုံးဓာတ်ချေဖျက်ခြင်းစနစ် ....................................... ၈
ရေစက်မကျစေသောစနစ်(အလိုအလျောက်ရေလုံစနစ်) ....................................... ၈
လျှပ်စစ်မီးပူတွင်ပါဝင်သောအစိတ်အပိုင်းများ ....................................... ၉
ရေနွေးငွေ့သုံးမီးပူအဖြစ်အသုံးပြုပုံ ....................................... ၁၁
အင်္ကျီများနှင့်မီးပူတိုက်ရန်အကြံပြုချက်များ ....................................... ၁၃
ရေနွေးငွေ့ထုတ်လွှတ်ခြင်းနှင့်ဒေါင်လိုက်ရေနွေးငွေ့ထုတ်လွှတ်ခြင်းအသုံးပြုပုံ............ ၁၄
ရိုးရိုးမီးပူအဖြစ်အသုံးပြုပုံ ....................................... ၁၅
မီးပူအားထိန်းသိမ်းပုံ....................................... ၁၆
အမေးများသောမေးခွန်းများ....................................... ၁၇
ပြဿနာဖြေရှင်းချက်များ ....................................... ၁၈
အသေးစိတ်အချက်အလက်များ ....................................... ၁၉


ပန်နာဆိုးနစ်မှကုန်ပစ္စည်းများဝယ်ယူအားပေးမှုအတွက်ကျေးဇူးတင်ပါသည်။

ဤပစ္စည်းအားစတင်အသုံးမပြုမီအောက်ပါလုံခြုံရေးလမ်းညွှန်ချက်များအားပြည့်စုံစွာဖတ်၍ရေရှည်အသုံးမပြုနိုင်ရန်သိမ်းဆည်းထားပါ။

# လုံခြုံရေးဆိုင်ရာကြိုတင်သတိပေးချက်များ

အနာတရဖြစ်ခြင်း ၊အသက်ဆုံးရှုံးခြင်း ၊ဓာတ်လိုက်ခြင်း ၊မီးလောင်ခြင်း နှင့်စည်းစိမ်ဥစ္စာများမထိခိုက်စေရန်အောက်ပါလုံခြုံရေးကြိုတင်သတိပေးချက်များကိုအမြဲလိုက်နာရပါမည်။

## သတိပေးသင်္ကေတများနှင့်ရှင်းလင်းပြသခြင်း

အောက်ပါသင်္ကေတများ၏အဓိပ္ပါယ်နားမလည်ခြင်းနှင့်လွဲမှားစွာအသုံးပြုနေခြင်းကြောင့်ဖြစ်ပေါ်လာသောထိခိုက်ဒဏ်ရာရရှိမှု၊ ဘေးအန္တရာယ်များနှင့်ပျက်စီးဆုံးရှုံးမှုများကိုအမျိုးအစားသတ်မှတ်ဖော်ပြရာတွင်အသုံးပြုသည်။

| | |
|---|---|
| ⚠ အရေးကြီးသတိပေးချက် | ဖြစ်လာနိုင်သောအန္တရာယ်များသည်အပြင်းအထန်ဒဏ်ရာရခြင်း(သို့) သေဆုံးနိုင်သည်ကိုရည်ညွှန်းသောသင်္ကေတဖြစ်သည်။ |
| ⚠ သတိပေးတားမြစ်ချက် | အန္တရာယ်တစ်ခုသည်အနည်းငယ်ထိခိုက်စေနိုင်ခြင်း(သို့)သင်ပိုင်ဆိုင်သောအရာများပျက်စီးစေနိုင်သည်ကိုရည်ညွှန်းသောသင်္ကေတဖြစ်သည်။ |

အောက်ပါသင်္ကေတသည်စုစည်းလမ်းညွှန်ချက်အမျိုးအစားများကိုသတိပြုမိစေရန်အသုံးပြုသည်။

| | |
|---|---|
| ⊘ | ဤသင်္ကေတသည်အသုံးပြုသူများအားတိတိကျကျဖော်ပြထားသောလုပ်ဆောင်ချက်များမပြုလုပ်ရန်သတိပေးရာတွင်အသုံးပြုသည်။ |
| ❗ | ဤသင်္ကေတသည်အသုံးပြုသူများစိတ်ချလုံခြုံစွာအသုံးပြုနိုင်ရန်တိတိကျကျဖော်ပြထားသောလုပ်ဆောင်ချက်များကိုလုပ်ဆောင်ရန်သတိပေးခြင်းဖြစ်သည်။ |

## ⚠ အရေးကြီးသတိပေးချက်

ထိခိုက်ဒဏ်ရာရရှိခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ကျွမ်းခြင်းများအားမဖြစ်စေရန်အောက်ပါအချက်အလက်များအားလိုက်နာပါ။

⊘ မီးပူကြိုး(သို့)မီးခေါင်းပျက်စီးနေခြင်း(သို့)မီးပူကျွမ်းခြင်းများပူနေသောအချိန်တွင်အသုံးမပြုပါနှင့်။ ပလပ်ပေါက်မှမီးပူပလပ်ကြိုး လွတ်နေလျှင် အသုံးမပြုပါနှင့်။

⊘ မီးပူအားမီးပလပ်ထိုး၍မထားခဲ့ပါနှင့်။

ရေစိုနေသောလက်ဖြင့်အိမ်ရှိမီးပေါက်များကဲ့သို့မီးပူပလပ်ထိုးခြင်းဖြုတ်ခြင်းမပြုလုပ်ပါနှင့်။

မီးပူကြိုးအားထိခိုက်မိခြင်း၊ပြုပြင်ခြင်း၊အတင်းဆွဲခြင်း၊ကွေးထားခြင်းနှင့်ခွေခေါက်မထားပါနှင့်။မီးပူကြိုးအား လေးလံသောအရာအောက်တွင်ထားခြင်း(သို့)ညှပ်ထားခြင်းများမပြုလုပ်ပါနှင့်။

မီးပူကြိုးအားမီးပူတွင်ပတ်၍မသိမ်းပါနှင့်။

မီးပူကြိုးအားထုံး၍အသုံးမပြုပါနှင့်။

ရေစိုနေသောလက်ဖြင့်မသုံးပါနှင့်။

မီးလောင်လွယ်စေနိုင်သောပစ္စည်းများနှင့်နီးကပ်စွာထား၍မသုံးပါနှင့်။(အရက်ပြန်ကဲ့သို့(သို့)အလားတူအရာများ)

မီးပူကြိုးအားမီးပူ၏ပူပြင်းသောမျက်နှာပြင်နှင့်မထိအောင်ထားပါ။

---

မီးပူကြိုးအားပြောင်းလဲခြင်း ၊ပြုပြင်ခြင်း ၊တခြားသောအရာများတပ်ခြင်းမပြုလုပ်ရ။၎င်းကိစ္စများပြုလုပ်ပါက မီးပွားများထွက်ခြင်း(သို့)ပုံမှန်မဟုတ်သောလုပ်ဆောင်ချက်များဖြစ်ပေါ်၍ထိခိုက်ဒဏ်ရာရရှိနိုင်သည်။သက် ဆိုင်ရာဝန်ဆောင်မှုပေးရာဌာနများသို့ပြုပြင်ရန်ဆက်သွယ်ပါ။

# ⚠ အရေးကြီးသတိပေးချက်

မီးပူအားရေ(သို့)တခြားအရည်များမဝင်စေနှင့်။မီးပူအားဘုံပိုင်ခေါင်းမှရေတိုက်ရိုက်မထည့်ပါနှင့်။

–ယင်းကဲ့သို့ပြုလုပ်ပါကအတွင်းရှိဆားကစ်ပြားများရှော့ခ်ဖြစ်၍မီးလောင်ခြင်း(သို့)ဓာတ်လိုက်ခြင်းများ ဖြစ်နိုင်သည်။

---

မီးပူအားလွတ်ကျ၍သိသာစွာပျက်စီးခြင်း၊ရေယိုခြင်းများဖြစ်ပါကအသုံးမပြုပါနှင့်။

–ဝန်ဆောင်မှုပေးရာဌာနနှင့်သတ်မှတ်ထားသောသက်ဆိုင်ရာသူများဆီသို့သွားပါ။

---

ထိခိုက်ဒဏ်ရာရရှိခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ကျွမ်းခြင်းများမဖြစ်စေရန်အောက်ပါအချက်များလိုက်နာပါ။

မီးပူတွင်သတ်မှတ်ထားသောလျှပ်စစ်ပမာဏရရှိစေရန်ဆောင်ရွက်ပေးပါ။မီးပလပ်သေချာစွာထိုးပါ။

---

မီးပူအတွင်းရှိရေလှောင်ကန်အား ရေမဖြည့်မီမီးပလပ်ဖြုတ်ပါ။

---

မီးပူသည်လျှပ်စစ်မီးတမျိုးတည်းဖြင့်သာအသုံးပြုရမည်။အသုံးမပြုပါကလျှပ်စစ်မစီးနိုင်သည့်နေရာတွင်လုံခြုံစွာ ထားပါ။

–ထိုသို့မလုပ်ဆောင်ပါကပြုတ်ကျခြင်း၊မီးလောင်ခြင်း၊ထိခိုက်ခြင်း (သို့)မီးကျွမ်းခြင်းများဖြစ်စေနိုင်သည်။

---

ရေလှောင်ကန်ကိုဖြုတ်၍ရေဖြည့်ပါ။

–မပြုလုပ်ပါကဓာတ်လိုက်နိုင်သည်။

---

မီးပလပ်အားဖုန်များမစုပုံစေရန်ပုံမှန်သန့်စင်ပေးပါ။

–မီးပလပ်အားဖြုတ်၍အဝတ်ခြောက်ဖြင့်သုတ်ပါ။

မူမမှန်ခြင်း၊စက်ချို့ယွင်းခြင်းများရှိပါကမီးပလပ်အားဖြုတ်၍အသုံးပြုခြင်းကိုရပ်လိုက်ပါ။ပုံမှန်မဟုတ်ခြင်းဥပမာများ
–မီးပူကြိုး(သို့)မီးပူပလပ်ခေါင်းအလွန်ပူလာခြင်း(သို့)အရောင်ပြောင်းလာခြင်းကြောင့်မီးပူပိတ်သွားခြင်း၊မီးပူပုံစံ
ပျက်သွားခြင်း(သို့)ညှော်နံ့ရခြင်း
–ဝန်ဆောင်မှုပေးရာဌာန(သို့)သက်ဆိုင်ရာဝန်ထမ်းများဆီသို့သွားပါ။

---

ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ (ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများ အတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက်ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။

–မလိုက်နာပါကမတော်တဆထိခိုက်ဒဏ်ရာရရှိနိုင်သည်။

---

မီးပူအားလျှပ်စစ်အောက်ခံပေါ်တွင်သေချာစွာတပ်ဆင်ထားပြီးလျှပ်စစ်အောက်ခံအားညီညာ၍တည်ငြိမ်သော နေရာတွင်ထားပါ။မီးပူအားဒေါင်လိုက်ရေနွေးငွေ့သုံး၍မီးပူတိုက်သောအခါမီးပူကိုသာအသုံးပြု၍အောက်ခံအား ညီညာ၍တည်ငြိမ်သောနေရာတွင်ထားပါ။
–မီးပူကိုယ်ထည်အောက်သို့ပြုတ်ကျပါကအောက်ခံပလိပ်ပြားခြစ်ရာများဖြစ်ခြင်း၊အနာတရဖြစ်ခြင်း(သို့)အပူ
လောင်နိုင်သည်။

---

မီးပူကြိုးပျက်စီးသွားပါကထိခိုက်ဒဏ်ရာမရှိစေရန်။သက်ဆိုင်ရာဝန်ဆောင်မှုပေးရာဌာနများ(သို့)သတ်မှတ်ထား သောကျွမ်းကျင်ဝန်ထမ်းထံသို့ပို့ဆောင်ပါ။
–မလိုက်နာပါကမတော်တဆထိခိုက်ဒဏ်ရာရရှိနိုင်သည်။

## ⚠ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

ထိခိုက်ဒဏ်ရာရရှိခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ကျွမ်းခြင်းများအားမဖြစ်စေရန်အောက်ပါအချက်အလက်များအားလိုက်နာပါ။

🛇 မီးပူ၏ပူပြင်းသောမျက်နှာပြင်အားမထိရ။(အောက်ခံပလိပ်ပြားနှင့်ပလိပ်ပြားအနီးတစ်ဝိုက်ကဲ့သို့နေရာ)

🛇 မီးပူအသုံးပြုနေစဉ်ရေနွေးငွေ့(သို့)ရေနွေးငွေ့ပြင်းအားဖြင့်သုံးနေစဉ်မထိပါနှင့်။

- မီးပူတိုက်သည့်စင်ဖြင့်မီးပူတိုက်နေစဉ်ရေနွေးငွေ့များသည်အောက်ခံဘုတ်ပြားအတွင်းထိုးဖောက်ဝင်ရောက်နိုင်သဖြင့်သင်၏လက်၊ခြေထောက်များအားဘုတ်ပြားအောက်တွင်မထားပါနှင့်။
- မီးပူအားသင်၏လက်၊ဒူးခေါင်း(သို့)တခြားခန္ဓာကိုယ်အစိတ်အပိုင်းများအားဦးတည်မထားပါနှင့်။
- မီးပူတိုက်သည့်စင်ပေါ်မှမီးပူတစ်ခြမ်းထွက်နေလျှင်ရေနွေးငွေ့(သို့)ရေနွေးငွေ့ပြင်းအားအသုံးမပြုပါနှင့်။
- ခန္ဓာကိုယ်ပေါ်တွင်ဝတ်ထားသောအဝတ်များအားမီးပူမတိုက်ပါနှင့်။

🛇 မီးပူအတွင်းသို့ပင်အပ်(သို့)အပ်များ(သို့)အဝတ်တွင်အဝတ်ချုပ်အပ်ထိုးထားခြင်း(သို့)အလားတူအရာများထား၍မီးပူမတိုက်ပါနှင့်။

🛇 မီးပူမှမမျှော်လင့်ဘဲရေနွေးငွေ့များထွက်လာနိုင်သဖြင့် မီးပူအောက်ခံပလိပ်ပြားအား သင်(သို့)တခြားသူများအနားတွင်မထားပါနှင့်။

🛇 မီးပူအားအဝတ်အထည်များမှအပအခြားအရာများအတွက်မသုံးပါနှင့်။

🛇 မီးပူအေးသွားမှသိမ်းဆည်းပါ။

---

🛇 မီးပူကြိုးအားပြတ်ရှလွယ်သောအရာများဖြင့်မခွေပါနှင့်။
–မီးပူကြိုးပျက်စီးနိုင်သည်။

ရေနွေးငွေ့ပြင်းအားခလုတ်အားလျင်လျင်မြန်မြန်နှင့်ထပ်ခါထပ်ခါမနှိပ်ပါနှင့်။
–အကယ်၍ထပ်ခါထပ်ခါလုပ်ဆောင်ချက်မှာ ၂စက္ကန့်အတွင်းဖြစ်ပါကရေပူများကြောင့်မီးလောင်ကျွမ်းမှုဖြစ်ပွား နိုင်သည်။

---

မီးပူအတွင်းသို့ရေမွှေး၊ရှာလကာရည်၊ကော်ရည်၊ကြေးချွတ်ဆေး၊မီးပူတိုက်ရာတွင်အသုံးပြုသည့်ဆေး(သို့)ဓာတုဆေးရည်များမထည့်ပါနှင့်။(သာမန်အပူချိန်ရှိသောရိုးရိုးရေကိုသုံးပါ။)
–ယင်းကဲ့သို့ပြုလုပ်ပါကအပူလောင်ခြင်း(သို့)ပိုမိုညစ်ပတ်လာပြီးမီးပူအားပျက်စီးစေနိုင်ပါသည်။

---

ရေနွေးငွေ့အပူချိန်လျော့ကျလာလျှင်ရေနွေးငွေ့ပြင်းအားသုံးခလုတ်အားအသုံးမပြုပါနှင့်။
–ရေပူများထွက်ပေါ်လာ၍မီးလောင်နိုင်သည်။

---

မီးပူအားအရှေ့အနောက်သို့ပြင်းထန်စွာလှုပ်ရမ်းခြင်း(သို့)စောင်းခြင်း မပြုလုပ်ပါနှင့်။
–ရေပူများထွက်ပေါ်လာ၍မီးလောင်နိုင်သည်။

---

ဈေးမှတခြားမီးပူတိုက်ရာတွင်အသုံးပြုသောပစ္စည်းများမသုံးပါနှင့်။
–မမှန်ကန်သောအသုံးပြုပုံများကြောင့်မီးလောင်ခြင်း(သို့)အဝတ်အစားများပျက်စီးနိုင်သည်။

---

မီးပူအားမြင့်မားသောအပူချိန်(သို့)ရေနွေးငွေ့များမခံနိုင်သောနံရံ(သို့)ပရိဘောဂပစ္စည်းများအနားတွင်အသုံးမပြုပါနှင့်။
–နံရံ(သို့)ပရိဘောဂပစ္စည်းများပျက်စီးနိုင်သည်။

---

မီးပူအား မှားယွင်းစွာအသုံးမပြုပါနှင့် ။
–မှားယွင်းစွာအသုံးပြုခြင်းကြောင့်ရေပူများထွက်လာနိုင်၍မီးလောင်နိုင်သည်။

## ⚠ သတိပြုရှောင်ကြဉ်ရန်

ထိခိုက်ဒဏ်ရာရရှိခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ကျွမ်းခြင်းများအားမဖြစ်စေရန်အောက်ပါအချက်အလက်များအား လိုက်နာပါ။

စိုစွတ်နေသောအဝတ်များအားရိုးရိုး/အခြောက်မီးပူတိုက်သည့်ပုံစံဖြင့်တိုက်ရန်။(ရေဖြန်း၍)

---

မီးပူပလပ်ဖြုတ်ရာတွင်မီးကြိုးမှဆွဲဖြုတ်ခြင်းအစား ၊မီးပလပ်ခေါင်းမှကိုင်၍ဖြုတ်ပါ။

–မလိုက်နာပါကမီးကြိုးပြတ်၍မီးကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း(သို့)လျှပ်စစ်စီးကြောင်းဖြစ်ပွား၍မီးလောင်နိုင်သည်။

---

အောက်ပါအထည်အလိပ်များမီးပူတိုက်ပါကမသိသာသောနေရာတွင်စမ်းသပ်ကြည့်ခြင်း(သို့)အဝတ်တစ်ခုအပေါ်မှ ထား၍မီးပူတိုက်ခြင်းဖြင့်မီးပူအရာများထင်ခြင်းမှကာကွယ်နိုင်သည်။

–ဈေးကြီးသော(သို့)အထူးပြုလုပ်ထားသောအထည်များ(ကတ္တီပါ၊အက်ခရီလစ်၊နိုင်လွန်၊သိုးမွှေးစသည်)

–အပူချိန်အနိမ့်(သို့)အလယ်အလတ်ဟုသတ်မှတ်ချက်ပါသောအထည်အလိပ်များ(သို့)အနက်ရောင်ပိတ်စများ

---

မီးပူတိုက်ပြီးမှရေလှောင်ကန်အတွင်းမှရေများအားကုန်စင်အောင်သွန်ပစ်ပါ။

–မလိုက်နာပါကနောက်တစ်ကြိမ်အသုံးပြုလျှင်အောက်ခံပလိပ်ပြားမှရေများထွက်လာနိုင်သည်။

---

မီးပူအသုံးမပြုပါကမီးပလပ်ဖြုတ်ထားပါ။

–မီးလောင်ခြင်း(သို့)ဓာတ်လိုက်ခြင်းများဖြစ်ပွားနိုင်သည်။

## ထုံးဓာတ်ချေဖျက်မှုစနစ်

- မီးပူ၏ရေလှောင်ကန်တွင်ပါဝင်သောထုံးဓာတ်ချေဖျက်ရေးစနစ်သည်ထုံးဓာတ်ပါဝင်မှုပမာဏကိုအမြဲမပြတ်လျော့ချပေးသည်။ဤစနစ်သည်ရေနွေးငွေ့ထုတ်လွှတ်သည့်စနစ်ကိုကြာရှည်စွာဆောင်ရွက်နိုင်ပြီး၊ လေပေါက်များပိတ်ခြင်းကိုလည်းကာကွယ်ပေးသည်။

- ရိုးရိုးရေအသုံးပြုခြင်းဖြင့်မီးပူကိုကြာရှည်စွာအသုံးပြုနိုင်ပြီးရေနွေးငွေ့အသုံးပြုသောစနစ်ကိုမထိခိုက်စေနိုင်ပါ။



ထုံးဓာတ်ချေဖျက်ပေးသောအိတ်

(ရေလှောင်ကန်အတွင်း)

## ရေစက်မကျရန်ကာကွယ်သောစနစ် (အလိုအလျောက်ရေလုံစနစ်)

ဤမော်ဒယ်အမျိုးအစားတစ်ခုသာဤရေလုံစနစ်ပါဝင်သည်။မီးပူ၏အောက်ခံပလိပ်ပြားအပူချိန် ၁၁၀ ဒီဂရီစင်တီဂရိတ်အောက်ကျဆင်းသွားပါကမီးပူအတွင်းရှိရေငွေ့ ပျံသောအခန်းရှိလေဝင်ပေါက်များအလိုအလျောက်ပိတ်သွားပြီးရေများစီးဆင်းခြင်းမှရပ်သွားသည်။ရေရပ်တန့်သွားခြင်းသည်အဝတ်အစားများစွန်းထင်းခြင်းကိုကာကွယ်ပေးသည်။အောက်ခံပလိပ်ပြားအားအပူထပ်ပေးရန်မလိုဘဲအလိုအလျောက်ခြောက်သွေ့ပြီးအေးသွားပါကသိမ်းဆည်းနိုင်သည်။



(အလိုအလျောက်ရေလုံစနစ်)

# လျှပ်စစ်မီးပူတွင်ပါဝင်သောအစိတ်အပိုင်းများ




 က ရေနွေးငွေ့လွှတ်သည့်ခလုတ်

ခ အပူချိန်ရွေးချယ်သည့်ခလုတ်

ဂ လက်ကိုင်

ဃ ရေလှောင်ကန်ဖြုတ်ရန်ခလုတ်

င အသုံးပြုသောအပူချိန်ပြမီးလုံး

စ ရေလှောင်ကန်

ဆ အထည်အလိုက်အပူချိန်ပြဇယား

ဇ လျှပ်စစ်ဓာတ်အားပေးပို့သောအောက်ခံ

ဈ အမြင့်ဆုံးရေအတိုင်းအတာပြအမှတ်အသား(အမြင့်ဆုံးမျဉ်း)

ည မီးပလပ်ခေါင်း
(မီးပလပ်ခေါင်းသည်နိုင်ငံနှင့်ဒေသအလိုက်ကိုက်ညီသော
ပလပ်များ)

ဋ မီးကြိုး

ဌ အောက်ခံပလိပ်ပြား

ဍ ရေလှောင်ကန်အပိတ်

ပ ရေနွေးငွေ့/ရိုးရိုးရွေးချယ်သုံးခလုတ်

# ၈ အပူချိန်ရွေးချယ်ရန်ခလုတ်




## ကြိုးမဲ့မီးပူ



မီးပူအားလျှပ်စစ်ဓာတ်အားရရှိရန်အောက်ခံပေါ်သို့တင်ထားပါကအောက်ခံပလိပ်ပြား၏ အပူချိန်အား ထိန်းသိမ်းထားပါမည်။

အောက်ခံပလိပ်ပြားသည်မီးပူတိုက်ရန်အပူရှိန်ရရှိနေမည်။

အောက်ခံပလိပ်ပြားအပူချိန်လျော့ကျလာသောအခါမီးပူတိုက်စင်ပေါ်မှအဝတ်ခေါက်၍ မီးပူအားလျှပ်စစ်လွှတ်ထားသောအောက်ခံပေါ်သို့တင်၍အပူထပ်ပေးပါ။

# ရေနွေးငွေ့အသုံးပြုပုံ

## မီးပူအားပိတ်၍မီးခုံမှမီးကြိုးအားသေချာစွာဖြုတ်ပါ။မီးပူမှရေလောင်ကန်အားဖြုတ်ခြင်း(သို့)တပ်ခြင်းပြုလုပ်နိုင်သည်။

၁ . ရေနွေးငွေ့/ရိုးရိုးရွေးချယ်သည့်ခလုတ်အားရိုးရိုးသို့ပြောင်း၍ရေလောင်ကန်တပ်ခြင်း (သို့)ဖြုတ်ခြင်းပြုလုပ်နိုင်သည်။






၂. ရေလောင်ကန်ဖြုတ်သည့်ခလုတ်အားနှိပ်၍ဖြုတ်ပါ။

❶ ခလုတ်အားဖိပါ။

❷ ရေလောင်ကန်ဖြုတ်ပါ။




၃. ရေလောင်ကန်အဖုံးဖွင့်ပါ။အမြင့်ဆုံးအမှတ်ထိရေဖြည့်ပါ။



၄ . ရေလောင်ကန်အဖုံးပိတ်ပါ။
ရေလောင်ကန်အားမီးပူအတွင်းသို့ပြန်ထည့်ပါ။ "ကလစ်"ဟူ သောအသံထွက်ပေါ်လာသည်အထိတွန်းထည့်ပါ။

မှတ်ချက်

- ရေပြည့်နေစဉ်မီးပူအားပလပ်မထိုးပါနှင့်။
- သတ်မှတ်ထားသောပမာဏထပ်ပိုမထည့်ပါနှင့်။ရေလှောင်ကန်ကိုဒေါင်လိုက်အနေအထားပြုလုပ်၍ရေပမာဏအားစစ်ဆေးနိုင်သည်။
- သန့်စင်သောဘုံပိုင်ရေသန့်ကိုသုံးပါ။
- ပြုတ်ကျပါကရေလှောင်ကန်အက်ကွဲ၍ရေများထွက်လာနိုင်သည်။ဂရုတစိုက်ကိုင်တွယ်ပါ။

၅ မီးပလပ်ခုံတွင်မီးကြိုးတပ်ပါ။မီးပူအားလျှပ်စစ်ဖို့လွှတ်ထားသောအောက်ခံပေါ်သို့သေချာစွာတင်ပါ။
အပူချိန်ရွေးခလုတ်အား“၂”(သို့)“၃”သို့ပြောင်းပါ။
အသုံးပြုနေသောအပူချိန်ပြမီးလုံးလင်းလာပါလိမ့်မည်။



မှတ်ချက်

- ရေနွေးငွေ့သုံးသောအခါအပူချိန်ရွေးချယ်သည့်ခလုတ်အား“၂”(သို့)“၃”တွင်ထားပါ။
- ရေနွေးငွေ့ပြင်းရန်အတွက်အပူချိန်အား၃တွင်ထားပါ။အပူချိန်လျော့နည်းပါကရေများစိမ့်ထွက်လာမည်။
- မီးပူအားလျှပ်စစ်မီးသွယ်ထား၍မထားခဲ့ပါနှင့်။

၆.က) အပူချိန်ပြမီးသီးပိတ်သွားသည်အထိကြိုတင်၍အပူပေးပါ။(လျှပ်စစ်အောက်ခံပေါ်သို့မီးပူအားအသုံးပြုပြီးနဝိုအပူချိန်ရရှိသည်အထိတင်ထားပါ။




ခ) ရေနွေးငွေ့/ရိုးရိုးရွေးချယ်သည့်ခလုတ်အားရေနွေးငွေ့ပမာဏကိုရွေးချယ်၍မီးပူတိုက်နိုင်ပါသည်။

၈)　မီးပူတိုက်နေစဉ်ရေပမာဏအားစစ်ဆေးပါ။မီးပူအားရေပြန်မဖြည့်ခင်မီးပလပ်ဖြုတ်၍ဖော်ပြထားသောအဆင့်၁မှ၄ထိ လုပ်ဆောင်ပါ။

မှတ်ချက်

- လျှပ်စစ်မီးသွယ်ထားစဉ်မီးပူအားလျှပ်စစ်လွှတ်ထားသောအောက်ခံအတွင်းသေချာစွာထည့်သင့်သည်။မီးပူအသုံးမပြုပါက ရွေးချယ်ထားသောအပူချိန်အတိုင်းထိန်းရန်လျှပ်စစ်အောက်ခံအတွင်းပြန်ထည့်ထားပါ။လျှပ်စစ်အောက်ခံအတွင်းထည့်ပါ။ တခြားနေရာများတွင်မထားပါနှင့်။

* မီးပူသည်လျှပ်စစ်အောက်ခံဖြင့်သာအသုံးပြုနိုင်သည်။

- မီးပူတိုက်နေစဉ်ရေနွေးငွေ့ထုတ်လွှတ်ရန်အပူချိန် မလုံလောက်ပါကလျှပ်စစ်အောက်ခံပေါ်တွင်အနည်းဆုံးစက္ကန့်၃၀ တင်၍ကြိုတင်အပူပေးပါ။

ရေနွေးငွေ့/ ရိုးရိုးရွေးချယ်သည့်ခလုတ်ခလုတ် (အောက်ပါအတိုင်းဖွင့်ပါ)



ရိုးရိုး/ရေနွေးငွေ့အနည်းငယ် / ရေနွေးငွေ့အမြင့်ဆုံး

ရေနွေးငွေ့အနည်းငယ် :　ရေနွေးငွေ့အနည်းသာလိုအပ်သည့်ပါးသော (သို့)နူးညံ့သောအထည်များ

ရေနွေးငွေ့အမြင့် :　ရေနွေးငွေ့များများလိုအပ်သောအထည်များ (ထူသောအထည်များ၊လွယ်ကူစွာမပြန့်နိုင်သော ခေါက်ရိုးပါသည့်အရာများ)

## အသုံးပြုပြီးလျှင်

၁.　မီးပူအသုံးပြုပြီးပါကအပူချိန်ရွေးချယ်သောအလုပ်အား “၀” သို့ရွှေ့ပြီးမီးပလပ်ဖြုတ်ပါ။ ရေနွေးငွေ့/ရိုးရိုးရွေးသည့် ခလုတ်အားရိုးရိုးအနေအထားသို့ပြောင်းပါ။

၂.　ရေလှောင်ကန်ဖြုတ်သည့်ခလုတ်အားနှိပ်၍ရေလှောင်ကန်ဖြုတ်ပါ။ ရေလှောင်ကန်မှရေများအားအကုန်သွန်ပါ။

၃.　ရေလှောင်ကန်အားပြန်တပ်၍ရေနွေးငွေ့/ရိုးရိုးရွေးသည့်ခလုတ်အားရိုးရိုးအနေအထားတွင်ထားပါ။





# အလျှားလိုက်ဒေါင်လိုက်ရေနွေးငွေ့လွှတ်ခြင်းအသုံးပြုပုံ

ထူထဲသောအဝတ်အထည်များလွယ်ကူစွာမပြန့်နိုင်သောခေါက်ရိုးများပါသောအထည်များနှင့်မီးပူ၏ရေနွေးငွေ့ထုတ်သောလေပေါက်များသန့်စင်ခြင်းများတစ်ပြိုင်တည်းပြုလုပ်နိုင်သည်။

၁ ရေနွေးငွေ့/ရိုးရိုးရွေးသည့်ခလုတ်အားရိုးရိုးအနေအထားတွင်ထား၍အပူချိန်ရွေးချယ်သည့်ခလုတ်အား “၃” တွင်ထားပါ။(သို့) ရေပူအနည်းငယ်ကျလာလိမ့်မည်။



၂ ရေနွေးငွေ့သုံး၍မီးပူတိုက်မည့်အခါတိုင်းအသုံးမပြုမီ ရေနွေးငွေ့လွှတ်သည့်ခလုတ်အားအကြိမ်များစွာနှိပ်ပါ။

- အောက်ခံပလိပ်ပြားမှရေပူများမကျစေရန်ခလုတ်နှိပ်သည့်အခါတစ်ချက်နှင့်တစ်ချက်ကြား ၂စက္ကန့်ထက်ပိုမကြာပါစေနှင့်။

- မူလကဲ့သို့ရေနွေးငွေ့လုံလုံလောက်လောက်မထွက်ပါကမူလအတိုင်းရေနွေးငွေ့ထွက်သည်အထိခလုတ်အား အကြိမ်များစွာနှိပ်ပါ။

**ဒေါင်လိုက်ရေနွေးငွေ့ထုတ်လွှတ်အသုံးပြုသောအခါ**

အဝတ်ကိုချိတ်တွင်ချိတ်ထားပါ။မီးပူအားခန္ဓာကိုယ်နှင့်ဝေးရာတွင်ကိုင်ထားပါ။အဝတ်နှင့်ကပ်ထားပါ။မထိပါနှင့်။ အဝတ်အားကျန်လက်တစ်ဖက်မှတင်းကြပ်စွာဆွဲ၍တွန့်နေသောအပိုင်းပေါ်မှအလျှားလိုက်ခလုတ်ကိုနှိပ်ပါက ၂စက္ကန့်မှ ၅စက္ကန့်အတွင်းအတွန့်များပျောက်သွားပါမည်။

**မှတ်ချက်**

- ကိုယ်ပေါ်တင်၍မီးပူတိုက်ခြင်း(သို့)ရေနွေးငွေ့အသုံးပြုစဉ်တခြားသူများအားမီးပူနှင့်ချိန်ရွယ်ခြင်းမပြုရ။
- မီးပူတိုက်နေစဉ်ရေနွေးငွေ့ထုတ်လွှတ်ရန်အပူချိန် မလုံလောက်ပါကလျှပ်စစ်အောက်ခံပေါ်တွင်အနည်းဆုံး စက္ကန့်၃၀တင်၍ကြိုတင်အပူပေးပါ။

## ရိုးရိုးမီးပူအသုံးပြုပုံ

၁ ရေငွေ့ငွေ့/ရိုးရိုးရွေးချယ်သည့်ခလုတ်အားရိုးရိုးအနေအထားတွင်ထားပါ။

၂ မီးပူအားလျှပ်စစ်အောက်ခံပေါ်တွင်ထား၍ပလပ်ပေါက်တွင်ပလပ်ထိုးပါ။

၃ အထည်များမီးပူတိုက်ရန်အညွှန်းအတိုင်းအပူချိန်ရွေးချယ်သည့်ခလုတ်နှိပ်၍မိမိလိုအပ်သောအပူချိန်အားရွေးချယ်ပါ။
အပူချိန်ပြမီးပိတ်သွားသည်အထိအပူပေးပါ။

၄ မီးပူတိုက်ပြီးပါကလျှပ်စစ်အောက်ခံတွင်ပြန်ထား၍မီးပလပ်ဖြုတ်ပါ။လုံခြုံသောနေရာတွင်သိမ်းဆည်းထားပါ။

## အကျီများနှင့်မီးပူတိုက်ရန်လမ်းညွှန်

| အထည် | အပူချိန်ရွေးချယ်မှု | မီးပူတိုက်ရန်လမ်းညွှန် |
|---|---|---|
| အက်ခရီလစ်<br>အက်ဆီတိတ်ရေယွန် | ၁ | မီးပူရိုးရိုးအနေအထားဖြင့်ပြောင်းပြန်လှန်၍တိုက်ပါ။(သို့)<br>၄င်းအပေါ်မှအဝတ်တစ်ခုခံ၍တိုက်ပါ။ |
| နိုင်လွန်သားရေ | | မီးပူရိုးရိုးအနေအထားဖြင့်ပြောင်းပြန်ပြန်လှန်၍တိုက်ပါ။ |
| ပေါ်လီအက်စတာမိုင်တု | ၂ | ရိုးရိုးအနေအထားဖြင့်ပြောင်းပြန်လှန်၍တိုက်ပါ။ကော်လံ၊<br>လက်များနှင့်အိတ်ထောင်တို့ကိုထိရုံသာတိုက်၍အတည့်အနေအ<br>ထားအဖြစ်ဖွ၍တိုက်ပါ။ |
| သိုးမွှေး | | အတည့်အနေအထားဖြင့်ဖွ၍တိုက်ပါ။ |
| ချည်ထည် | ၃ | ရေငွေ့ငွေ့ဖြင့်တိုက်ရန်အကြံပြုပါသည်။အမဲရောင်အထည်များ<br>အားပြောင်လက်နေခြင်းမဖြစ်စေရန်ပြောင်းပြန်လှန်၍တိုက်ပါ။ |
| လီနင် | | |

**မှတ်ချက်**

- အပူဒဏ်မခံနိုင်သောအဝတ်များအတွက်အပေါ်တွင်အဝတ်တစ်ခုတင်၍တိုက်ပါ။ထိုသို့မဟုတ်ပါကပျက်စီးခြင်း(သို့)အဝတ်အစားထိခိုက်နိုင်သည်။
- ရောစပ်ထားသောအထည်များအားမီးပူတိုက်လျှင်အပူချိန်အားအနည်းဆုံးထားရသောအထည်များကဲ့သို့တိုက်ပါ။
- အခြားအဝတ်များကိုမီးအပူချိန်အမြင့်ဆုံးဖြင့်တိုက်နိုင်သည်။

# မီးပူအားပြုပြင်ထိန်းသိမ်းခြင်း

### ▶ မီးပူမျက်နှာပြင်




- မီးပူအားမီးပလပ်ဖြုတ်၍အအေးခံပြီးနောက်အောက်ခံပလိပ်ပြားအားအဝတ်ပါးဖြင့်သုတ်ပါ။ လိုအပ်ပါကဆပ်ပြာမှုန့်အပျော့စားကိုအသုံးပြုပါ။
- မည်သည့်ပြင်းသောသန့်ရှင်းသည့်အရည်များကိုမှအသုံးမပြုပါနှင့်။

### ▶ မီးပူအောက်ခံပလိပ်ပြား

- အောက်ခံပလိပ်ပြားမှခြစ်ရာများနှင့်အခြားအကြွင်းအကျန်များအားအဝတ်ပါးပါးဖြင့်ပွတ်ခြင်းဖြင့်လွယ်ကူစွာဖယ်ရှားနိုင်ပါသည်။
- အောက်ခံပလိပ်ပြားခြစ်ရာများမဖြစ်ပေါ်စေရန်အသုံးပြုပြီးသတ္တုများဖြင့်သန့်ရှင်းခြင်းနှင့်မညီညာသောမျက်နှာပြင်ပေါ်တွင်မီးပူချထားခြင်းမပြုပါနှင့်။
- မီးပူကိုအပူပေးပြီးဟောင်းနွမ်းသောအဝတ်ဖြင့်ပွတ်ခြင်းသည်မီးပူအောက်ခံပလိပ်ပြားမှအကြွင်းအကျန်များကိုရှင်းထုတ်ရန်အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။

**မှတ်ချက်**

- မီးပူ၏လုပ်ဆောင်ချက်များအားပျက်စီးစေနိုင်သောရေနွေးငွေ့မီးပူသန့်စင်ဆေးရည်ထည့်၍အသုံးမပြုပါနှင့်။
- မီးပူအစပိုင်းအသုံးပြုလျှင်အနံ့တစ်မျိုးရနေပါလိမ့်မည်။သို့သော်အကျိုးများကိုအနံ့မစွဲကပ်ပါ။

## ပင်ကိုယ်သန့်စင်စနစ်

ရေနွေးငွေ့ထုတ်လွှတ်ခြင်းဖြင့်အောက်ခံပလိပ်ပြားနှင့်ပလိပ်ပြားရှိလေဝင်ပေါက်၏ရေနွေးငွေ့လွှတ်သည့်အခန်းအားရေနွေးငွေ့နှင့်ဒေါင်လိုက်ရေနွေးငွေ့အသုံးပြုပုံ( စာမျက်နှာ–၁၁)တွင်ဖော်ပြသကဲ့သို့ရေနွေးငွေ့ခလုတ်အားရေနွေးငွေ့မထွက်တော့သည်အထိအကြိမ်ပေါင်းများစွာနှိပ်ခြင်းဖြင့်သန့်စင်နိုင်သည်။



# အမေးများသောမေးခွန်းများ

| မေးခွန်း | | အဖြေ |
| --- | --- | --- |
| မီးပူတိုက်နေစဉ်ချက်ကနဲအသံ(သို့)သတ္တုရိုက်သံများဘာကြောင့်ကြားရသနည်း။ | ► | ဤအသံသည်မီးပူအတွင်းမှလာသောအသံ၊ရေလုံစနစ်အစရှိသည်တို့ဖြည်းညှင်းစွာလှုပ်ရှားခြင်းဖြစ်သည်။၎င်းမှာပုံမှန်ဖြစ်သည်။ |
| ဘာကြောင့်တချို့အင်္ကျီများမီးပူတိုက်ပြီးလျှင်အညိုရောင်ပြောင်းသွားသနည်း။ | ► | အဝတ်လျှော်ဆပ်ပြာများအဝတ်အထည်များတွင် ကျန်ရှိနေခြင်းကြောင့်အဝတ်များအညိုရောင်ပြောင်းသွားခြင်းဖြစ်သည်။ |
| ဘာကြောင့်ရေနွေးငွေ့စနစ်အသုံးပြုလျှင်အဖြူရောင်အမှုန့်များ / အခဲများရေနွေးငွေ့အပေါက်မှထွက်လာသနည်း။(အထူးသဖြင့် ရေနွေးငွေ့အပြင်းစားသုံးနေစဉ်) | ► | ထိုပေါင်ဒါမှုန့်များသည်ရေထဲမှတွေ့ရှိသောရေတွင်မပျော်ဝင်နိုင်သောအရာများ၊ဓာတ်ဆားများနှင့်အညစ်အကြေးများအား သန့်စင်စေသောစနစ်ဖြစ်သည်။အန္တရာယ်မဖြစ်စေနိုင်ပါ။အဝတ်ဖြင့်ပွတ်ပစ်ပါ။ |

# ပြဿနာဖြေရှင်းချက်

| ပြဿနာ | | အကြောင်းအရင်း၊ဖြေရှင်းချက် |
|---|---|---|
| မီးမပူခြင်း | ► | မီးပူပလပ်အားမီးခုံ(သို့)စွမ်းအင်ထုတ်ပေးသောကိရိယာတွင်တပ်ထားကြောင်းသေချာပါစေ။ |
| ရေနွေးငွေ့မရလျှင် | ► | ရေလှောင်ကန်အတွင်းသို့ရေပေါက်ခေါင်းမှရေများအားအမြင့်ဆုံးအမှတ်ထိရောက်အောင်ထည့်ပါ။ |
| | ► | ရေနွေးငွေ့မထွက်ပါကရေနွေးငွေ့/ရှိုးရှိုးရွေးသည့်ခလုတ်အားရေနွေးတွင်ထားပါ(သို့)အပူချိန်ရွေးချယ်ထားသည့်ခလုတ်အား“၃”သို့ပြောင်းပါ။ရှိုးရှိုး(ပြောင်း) |
| | ► | ရေနွေးငွေ့မထွက်ပါကရေနွေးငွေ့/ရှိုးရှိုးခလုတ်အားအကြိမ်ကြိမ်ပြောင်း၍ရေနွေးငွေ့အနေအထားရွေးပီးအပူချိန်ပြင်းအား“၃”သို့ရွှေ့ပါ။ |
| ရေနွေးငွေ့ထုတ်လွှတ်မှုအားနည်းလျှင် | ► | မီးပူအသုံးမပြုခင်အပူချိန်ပြမီးပိတ်သည်အထိစောင့်ပါ။ |
| | ► | ရေနွေးငွေ့ပြင်းအားမလုံလောက်သည့်အခြေအနေဖြစ်ပါက၊ရေနွေးငွေ့ပြင်းအားသုံးခလုတ်ကိုအကြိမ်များစွာနှိပ်ပါ။ |
| | ► | ရေနွေးငွေ့မထွက်ပါကရေနွေးငွေ့/ရှိုးရှိုးရွေးသည့်ခလုတ်အားရေနွေးတွင်ထားပါ(သို့)အပူချိန်ရွေးချယ်ထားသည့်ခလုတ်အား“၃”သို့ပြောင်းပါ။ရှိုးရှိုး(ပြောင်း) |
| ရေများလေပေါက်မှကျလျှင် | ► | ရေနွေးငွေ့ပြင်းအားအသုံးပြုနေစဉ်ခလုတ်အားတစ်ချက်နှင့်တစ်ချက်၂-၅စက္ကန့်သာခြား၍နှိပ်ပါ။ |
| | ► | အပူချိန်ထိန်းညှိခလုတ်အား“၃”တွင်ထားပါ။ |
| အဝတ်များအရာထင်ခြင်း | ► | ရေသိုလှောင်ကန်အားသန့်ရှင်း၍ရေအသစ်ဖြည့်ပါ။အကယ်၍ရေထည့်ရန်ခွက်ကိုသုံးပါကသန့်စင်ပြီးမှသုံးပါ။မီးပူအားညစ်ညမ်းစေသည်။ |

# အသေးစိတ်အချက်အလက်

| မော်ဒယ် | NI-WL30 |
|---|---|
| အသုံးပြုရမည့်လျှပ်စစ်ပမာဏ (အင်ဒိုနီးရှား) | ၂၂၀ဗို့~ ၅၀ဟတ်စ် |
| အသုံးပြုရမည့်လျှပ်စစ်ပမာဏ (အင်ဒိုနီးရှားမှလွဲ၍) | ၂၂၀–၂၄၀ဗို့~ ၅၀–၆၀ဟတ်စ် |
| သုံးစွဲမည့်လျှပ်စစ်ပမာဏ (အင်ဒိုနီးရှား) | ၁၂၀၀ဝပ် |
| သုံးစွဲမည့်လျှပ်စစ်ပမာဏ (အင်ဒိုနီးရှားမှလွဲ၍) | ၁၃၀၀–၁၅၅၀ဝပ် |
| မီးပူအလေးချိန်(မှန်းခြေ) | ၀.၉ကီလိုဂရမ် |
| မီးပူအလေးချိန် (လျှပ်စစ်အားပေးအထိုင်) (မှန်းခြေ) | ၁.၅ကီလိုဂရမ် |
| ရေဆံ့သည့်ရေတိုင်ကီပမာဏ (ခန့်မှန်းခြေ) | ၁၂၀မီလီလီတာ |
| ရေနွေးငွေ့လည်ပတ်သည့်ပုံစံ | အစက်ချစနစ် |
| ကြိုးအရှည် | ၁.၆မီတာ |
| အပူချိန်ထိန်းညှိသည့်ကိရိယာ | အပူချိန်အတိုင်းအတာ "၁" မှ "၃" (၁၂၀–၂၀၅ဒီဂရီစင်တီဂရိတ်) |
| အထိုင်ပုံစံ | လျှပ်စစ်မီးအားပေးသည့်အထိုင် |
| မီး | အပူချိန်ရွေးချယ်အချက်ပြမီး |
| စက်၏အတိုင်းအတာ(ခန့်မှန်းခြေ) | (အလျား×အနံ×အမြင့်) ၂၈၈×၁၆၀×၂၀၀မီလီမီတာ |

ဤမီးပူသည်အိမ်တွင်းအသုံးပြုရန်အတွက်သာထုတ်လုပ်ထားခြင်းဖြစ်သည်။

Panasonic Wanbao Appliances Electric Iron
(Guangzhou) Co., Ltd.

No.2 Wanbao South Street Wanbao Industry Zone Zhong Cun Town,
Panyu City, Guangdong Province, 511495 China